# ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။ (၁)

**[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄။]**
**(၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ ၈ ရက် )**

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူ ပို့ဆောင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာသတ်မှတ်သောနေ့၌ စတင်အာဏာတည်ရမည်။ (၂)

၂။ ။ နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၄ တွင် —

(က) ပုဒ်မခွဲ (၁) ၌ "ဥက္ကဋ္ဌသည်၊ အချိန်ပြည့် တာဝန်ဝတ္တရား ဆောင်ရွက်ရမည်။" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) အစား၊ အောက်ပါကို အပိုဒ် (ခ) အဖြစ် ထည့်သွင်းရမည်။

"(ခ) အဖွဲ့ကိုအုပ်ချုပ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ကိုယ်စားလှယ်။"

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၉ နောက်တွင် အောက်ပါကို ပုဒ်မ ၁၉ - က အဖြစ် ထည့်သွင်းရမည်။

---

*(၁) မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်၊ စာမျက်နှာ – ၁၇၄၁။*

*(၂) ဤအက်ဥပဒေသည် ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် စတင်အာဏာတည်သည်။ မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း–၁၊ ၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်၊ စာမျက်နှာ – ၁၈၃၅။*

၂၉-က။ ။ ဤအက်ဥပဒေပါ ကိစ္စများ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ၊ ဥက္ကဋ္ဌသည်၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများ၊ သို့တည်းမဟုတ် စည်းကမ်းဥပဒေများအရဖြစ်စေ၊ မိမိသုံးစွဲ ဆောင်ရွက်နိုင်သည့်အာဏာနှင့်တာပန်ဝတ္တရားအားလုံးကိုသော်လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း၊ သင့်တော်သည်ထင်မြင်သည့်အဖွဲ့ဝင် တစ်ဦးဦးအားလည်းကောင်း၊ အဖွဲ့၏အရာရှိတစ်ဦးဦးအား၊ သို့တည်းမဟုတ် အရာရှိ များအားလည်းကောင်း၊ စည်းကမ်းချက်များသတ်မှတ်၍ဖြစ်စေ၊ မသတ်မှတ်ဘဲဖြစ်စေ၊ အခါအားလျော်စွာလွှဲအပ်နိုင်သည်။"

❖ ❖ ❖ ❖ ❖